# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၇၀ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။
# [၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]
# ၁၃၃၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။
# (၁၉၇၀ ခုနှစ်၊ စက်တဘာလ ၁၈ ရက်။)

Myanmar Law Information System (MLIS)

အောက်ဖော်ပြပါဥပဒေ ကိုထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၇၀ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ**ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အောက်ပါ ဇယား များတွင်ဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံ ငွေမှ ထုတ်ယူ၍ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၀ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့ အထိကာလအတွင်း သုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၉ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲ ရေးဥပဒေ (၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်း ဖြစ်သည်ဟူ၍မှတ်ယူရမည်။

(ပုံ) ဗိုလ်နေဝင်း၊<br>
ဥက္ကဋ္ဌ၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။<br>
(၁၉၇၀ ခုနှစ်၊ စက်တဘာလ ၁၈ ရက်။)

အမိန့်အရ၊<br>
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊<br>
အတွင်းဝန်၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပြည်နယ်များ၏ အသုံးစရိတ် စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း

Myanmar Law Information System (MLIS)